## ကချြေသည်မြက်

Scientific name - *Ischaemum rugosum* Salisb.

Common name - Saramollagrass

Family - Poaceae






အပင်ပုံသဏ္ဍာန်

ယှဉ်ပြိုင်နိုင်စွမ်းအားကောင်းသော တစ်နှစ်ခံ သို့မဟုတ် သက်တမ်းတိုနှစ်ရှည်ပင်မျိုးဖြစ်သည်။ ရွှံ့နွံထူသောနေရာနှင့် အခြားစိုစွတ်သောနေရာများတွင်ဒဏ်ခံနိုင်၍ ခပ်ကျဲကျဲအရုံလိုက်ပေါက်ပြီး အပင်အမြင့် ၁.၅ မီတာထိမြင့်သည်။ ရွက်ပြားတွင် အနား၌သေးငယ်သော အမွေးများပါသည်။ ပန်းခိုင်သည် ထိပ်ထွက် သို့မဟုတ် ကြားထွက်ဖြစ်သည်။ အပင်မှ အညိုရောင် ဘဲဥပုံအစေ့ထုတ်သည်။ အပင်ငယ်စဉ်ကာလ၌ စပါးပင်နှင့် ဆင်တူသည်။ မျိုးစေ့များ အလွယ်တကူ ကြွေကျနိုင်သောကြောင့် မျိုးပြုတ်ရန် ခက်ခဲသည်။ အစေ့ငုပ်ခြင်းရှိသည်။ အစေ့၊ မြေအောက်ပင်စည် နှင့် မြေလျှောက်ပင်စည်များအားဖြင့် မျိုးပွားသည်။